MISY | Mandalay

Myanmar International School Yangon (Mandalay Campus)

# Myanmar International School of Yangon (Mandalay Campus)

# သင်ကြားရေးဆိုင်ရာ အမူအကျင့် မူဝါဒ

| | | |
|---|---|---|
| **Approved by:** | Nu Nu Aye (BOD) | **Date:** December 7th, 2022 |
| **Last reviewed on:** | June 2024 | |
| **Next review due by:** | December 2026 | |

WIDA INTERNATIONAL SCHOOL CONSORTIUM MEMBER SCHOOL

CAMBRIDGE International Education

Cambridge International School

## သုံးသပ်ချက်

ကျောင်းရှိ ကျောင်းသား ကျောင်းသူ တိုင်းအတွက်လုံခြုံ၍ ဂရုစိုက်နွေးထွေးမှုရှိသော ကျောင်းပတ်ဝန်းကျင် ကို ပံ့ပိုး ဖော်ဆောင်ပေးရန်ဆန္ဒပြုပါသည်။ ကျောင်းသား ကျောင်းသူတိုင်းတွင် တူညီစွာ ပူးပေါင်းပါဝင်ခွင့်၊ အောင်မြင်မှုများကို ဆွတ်ခူးနိုင်ခွင့်များရှိသည့် အလျှောက် အပြုသဘောဆောင်သည့် အမူအကျင့်များကို အားပေးချီးမြှောက်ပြီး၊ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ထိရောက်သည့် လေ့လာသင်ကြားမှုရပ်ဝန်းကို ဖန်တီးပေးလိုပါသည်။

## ရည်မှန်းချက်

- ကျောင်းသား ကျောင်းသူ များ၏ အကျင့်စာရိတ္တကောင်းမွန်မှုကို အားပေးကူညီရန် အတွက် ဝန်ထမ်းများ အသုံးပြုနိုင်သော အပြုအမူဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ နှင့် ဆုပေး၊ဒဏ်ပေး စည်းမျဉ်းများ အား တိကျရှင်းလင်းစေရန်။
- ကျောင်းသား ကျောင်းသူများသည် ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်သိနားလည်စေနိုင်ရန် နှင့် ၎င်းတို့၏ ကိုယ်ပိုင်စည်းမျဉ်း စည်းကမ်းများကို ကောင်းစွာချမှတ်နိုင်စွမ်းများ တိုးပွားလာစေရန်။
- ကျောင်းတစ်ကျောင်းလုံးတွင် မိမိကိုယ်ကိုလေးစားမှု၊ အခြားသူများကိုလည်း လေးစားမှုရှိသော ယဉ်ကျေးမှု နှင့် အပြုသဘောဆောင်သည့် လူမှုဆက်ဆံရေးရပ်ဝန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။
- ထိရောက်သည့် သင်ယူမှုနှင့် သင်ကြားမှု ပြုလုပ်နိုင်စေရန် အတွက် အခွင့်အလမ်းများကို အပြည့်အဝ အသုံးချနိုင်ရန် အထောက်အကူ ဖြစ်စေမည့် ထောက်ပံ့မှုပုံစံတစ်ရပ် ကို ပံ့ပိုးပေးနိုင်ရန်။

## သင်ယူရေးနှင့် သင်ကြားရေး

အပြုသဘောဆောင်သည့် လူမှုဆက်ဆံရေး သည် ကျောင်းတစ်ကျောင်း၏ အောင်မြင်သော သင်ကြားရေးနှင့် သင်ယူရေး အတွက် များစွာ အရေးကြီးပါသည်။
ထို့ကြောင့် ဝန်ထမ်းများသည် ကျောင်းသား ကျောင်းသူများအတွက် အပြုသဘောဆောင်သော စံနမူနာကောင်း ဖြစ်စေရန် အစဉ်အမြဲ ကြိုးစာပြုမူနေထိုင်ရန် မျှော်လင့်ပါသည်။ သို့ပါသောကြောင့် အောက်ပါ အတိုင်းဆောင်ရွက်ပါသည်။

- ကောင်းမွန်သော အပြုအမူသည် မည်သို့ဖြစ်ရမည်ကို ကလေးများအား သင်ကြားပေးခြင်း။
- အကျင့်စာရိတ္တကောင်းမွန်ခြင်း၏ အကျိုးကျေးဇူးများကို သင်ကြားပေးခြင်း၊
- စာသင်ခန်းအတွင်း တည်ငြိမ်ပြီး လုံခြုံသောပတ်ဝန်းကျင် ကို သတ်မှတ်ထိန်းသိမ်းခြင်း။
- စာသင်ခန်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း။
- ပြဿနာများကို ဖော်ပြရန်၊ မျှဝေရန် နှင့် ဖြေရှင်းရန်အတွက် PSHE သင်ခန်းစာဆွေးနွေးမှု အချိန်များကို အသုံးပြုခြင်း။

**စာသင်ခန်းများအားစီမံခန့်ခွဲမှု**

ဆရာ/ဆရာမများသည် ကျောင်းသား/သူများနှင့် အတူတကွ ဆွေးနွေးဆောင်ရွက်သည် -

- စာသင်နှစ်အစတွင် ဆရာ/ဆရာမများ ၏ ဦးဆောင်မှုဖြင့် ကျောင်းသား ကျောင်းသူများကို စာသင်ခန်းအတွင်း အတွက် မျှော်မှန်းချက်များ/ စာသင်ခန်းအတွက် အရေးပါသည့် သဘောတူညီချက်များ ကို ပေါင်းစည်းဖန်တီးစေပါသည်။
- သဘောတူညီချက်များတွင် အပြုသဘောဆောင်သည့် စကားလုံးများကို ရွေးချယ်သုံးနှုန်းပါသည်။ ဥပမာ - 'မရိုက်ပါနှင့် မကန်ပါနှင့်' ဟူသောစကားစုများအစား အပြုသဘောဆောင်သည့် စကားစုဖြစ်သည့် "သူတစ်ပါးကို ဂရုစိုက်ကြင်နာပါ" ၊ သို့မဟုတ် "အတန်းတွင်း၌ ကျွန်ုပ်တို့သည် .....(အပြုသဘောဆောင်သော စကားစုများ ထည့်သွင်းပါ) ရန် ရွေးချယ်ပါသည်" အစသည့်ရှိသည့် ကောင်းသော စကားရပ်များကို အသုံးပြုပါသည်။
- နားလည်သဘောတူညီမှုများကို စာသင်ခန်းများတွင် ပြသထားမည်ဖြစ်ပြီး၊ ကျောင်းသား ကျောင်းသူ များမှလည်း သိရှိနားလည်ပါကြောင်း လက်မှတ်ရေးထိုးထားရမည်ဖြစ်ပါသည်။
- ကျောင်းပတ်ဝန်းကျင်တွင် မည်သို့သောအပြုအမူများက ကောင်းတဲ့ အမူအကျင့်များဖြစ်ကြောင်း ဆွေးနွေးပါသည်။ (ဥပမာ- စကြံန်လျှောက်လှမ်းအတွင်းမှလမ်းလျှောက်ခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း အစရှိသည်များ။)
- ကျောင်းသား ကျောင်းသူများ သည် လက်မခံနိုင်သော အပြုအမူဆိုးများ ပြုလုပ်ပါက မည်သို့ ဖြစ်နိုင်သည် ဖြစ်ကြောင်း ဆွေးနွေးပါသည်။ (ကျောင်းသား ကျောင်းသူများသည် သူတို့ ရွေးချယ်မှု ပြုလုပ်နေကြောင်းကို အထူး အလေးပေးပါသည်။)
- အဖွဲ့လိုက် မည်သို့ လုပ်ဆောင်ရမည်ကို အတူတကွ စဉ်းစားပုံဖော် ဖန်တီးစေပါသည်။

**စာသင်ခန်းအတွင်း အပြုအမူဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ခြင်းနှင့် မျှဝေခြင်း**

စာသင်ခန်းတိုင်းတွင် ကျောင်းသား ကျောင်းသူများအား လူမှုဆက်ဆံရေးဆိုင်ရာ၊ အမူအကျင့်ပိုင်းဆိုင်ရာ နှင့် မိတ်ဆွေပေါင်းသင်း ဆက်ဆံရေး ဆိုင်ရာ များနှင့် ပတ်သတ်၍ ထုတ်ဖော်မျှဝေရန် အားပေးထားပါသည်။

- နှစ်တိုင်း စာသင်နှစ်၏အစပိုင်းတွင် PSHE မှ မိတ်ဆွေဖွဲ့ခြင်း နှင့် အနိုင်ကျင့်ခြင်း တို့နှင့်သက်ဆိုင်သော ခေါင်းစဉ်ကို လေ့လာကြပါသည်။
- အနိုင်ကျင့်မှုဆန့်ကျင်ရေး ရက်သတ္တပတ်(ကျောင်းလုံးကျွတ်)
- အထက်ဖော်ပြပါ အစီအစဉ်များတွင် အပြုအမူဆိုင်ရာနှင့် ကစားကွင်းတွင်ဆော့ကစားရသော ဂိမ်းများပါဝင်သည်။
- ပြဿနာများကို အပတ်စဉ် circle times/အတန်းတွင်းအစည်းအဝေး/PSHE lesson များတွင် မျှဝေ ဆွေးနွေးပါသည်။
- အတန်းတွင်း သဘောတူညီချက်များကိုလည်း စာသင်ခန်းတိုင်းတွင် ရှင်းလင်းတိကျစွာ ပြသထားပါသည်။

**ဝန်ထမ်းများ၏တာဝန်**

- စံပြဖြစ်အောင် ပြုမူလုပ်ကိုင်၍ ဦးဆောင်နိုင်ရန်။
- အလုပ်ချိန်မှန် တက်ရောက်နိုင်ရန်။
- စာသင်ခန်းအတွင်း အမူအကျင့်များကို အတန်း၏သဘောတူညီချက်များအတိုင်း မှန်ကန်မျှတ စွာ ဂရုတစိုက် စီမံဆောင်ရွက်ရန်။
- သင့်တော်သည့် Level အလိုက် သင်ကြားပြ၍ လေ့ကျင့်ခန်းများပေးရန် နှင့် ကျောင်းသား ကျောင်းသူ အားလုံး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်ဖြင့် အလုပ်လုပ်နိုင်သည့် အခွင့်အရေးများ ဖန်တီးပေးရန်။
- ကောင်းမွန်သည့် အမူအကျင့်အလေ့အထများကို အသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်း နှင့် ဆုချီးမြှင့်ခြင်း အားဖြင့် တိုက်တွန်းအားပေးရန်။
- ကျောင်းသား ကျောင်းသူများ အားလုံး စာသင်ခန်းအတွင်း ဝင်ရောက်ခြင်း နှင့် ထွက်ခွာခြင်းများ စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်ရန်။
- မလိုအပ်ဘဲ မိမိ၏စာသင်ခန်းကို ဘယ်သောအခါမျှ ထားမသွားရန်။
- သင့်လျော်သည့် အချိန်တွင် ကျောင်းသားကျောင်းသူများ၏ ပြောစကားများကို အနှောင့်အယှက် ကင်းစွာဖြင့် ကောင်းစွာ နားထောင်မှတ်သားကြောင်း သေချာစေရန်။
- နယ်ပယ်အားလုံးကို အဖက်ဖက်မှ အသေးစိတ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်း အပြီးမသတ်သေးခင် မည့်သည့် သတင်းအချက်အလက်ကိုမျှ စောလျင်စွာ ကောက်ချက်စွဲ အရေးယူခြင်းမပြုရန်။

**ကျောင်းသား/သူများ၏ တာဝန်**

- ကျောင်းသို့ အချိန်မှန်ရောက် ၍ မိမိ အတန်းသို့ အချိန်မှန်ရောက်ရှိရန်။
- ကျောင်းသို့ ကျောင်းဝတ်စုံအား သပ်ရပ်သင့်လျော်စွာ ဝတ်ဆင်၍ လိုအပ်သော ကျောင်းသုံး စာရေးကိရိယာများ၊ ကျောင်းစာအုပ်များ နှင့် ကျောင်းသုံး ပစ္စည်းများ ပြည့်စုံစွာယူဆောင်လာရန်။
- အတန်းထဲသို့ရောက်ရှိပါက သင်မည့်သင်ခန်းစာ အတွက် အဆင်သင့်လုပ်ထားရန်။
- လူကြီး အကြီးအကဲ တစ်ဦးကို စောင့်ပြီးမှ အတန်းထဲသို့ ဝင်ရန်။
- မိမိတို့၏ ကိုယ်ပိုင် ပစ္စည်းများ၊ ကျောင်းနှင့် အခြားသော ပစ္စည်းများအား ဂရုတစိုက်ထိန်းသိမ်းရန်။
- ဆရာ/ဆရာမ များသင်ကြားသည့် သင်ခန်းစာနှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။
- အခြားသူများ၏ အလုပ်ကိစ္စများကို အနှောင့်အယှက် မပြုခြင်းဖြင့် ဆရာ/ဆရာမ များ နှင့် အတန်းဖော်များအား လေးစားကြောင်းဖော်ပြရန်။
- ကျောင်းနှင့် အတန်း ၏ သဘောတူညီချက်များ ကို လိုက်နာပြီး ဘေးကင်းစွာ ပြုမူနေထိုင်ရန်။

**မူလတန်းအပိုင်း ရှိ အပြုအမူဆိုင်ရာ အကျိုးဆက်များ**

ကျောင်းသား ကျောင်းသူ များ၏ ကောင်းမွန်သော အမူအကျင့်များကို ထောက်ခံအားပေး၍ ချီးမြှောက်ရန် ဆရာ/ဆရာမ များအားလုံး တွင် ကိုယ်ပိုင် အစီစဉ်များ ရေးစွဲထားရှိပါသည်။ ကျောင်းသား ကျောင်းသူ များသည် သူတို့၏ အပြုအမူများကို ဆုံးဖြတ်ရာတွင် ရွေးချယ်ခွင့်ရှိပါသည်။ ကနဦးတွင် ဆရာ/ဆရာမ များသည် မလိုလားအပ်သော အမူအကျင့်များကို တားဆီးရန် မပြင်းထန်သော တုံ့ပြန်မှုနည်းစနစ် လုပ်ထုံးလုပ်နည်းများကို အသုံးပြုမည်ဖြစ်ပါသည်။ အကယ်၍ ကျောင်းသား ကျောင်းသူများသည် စာသင်ခန်းနှင့် ကျောင်းကစားကွင်း များတွင် လက်မခံနိုင် သော အပြုအမူများ ဆက်လက် ပြုမူနေပါက အောက်ပါအတိုင်း ကျင့်သုံးပါမည်။

**မှတ်ချက်။ ပို၍ပြင်းထန်သော အပြုအမူဆိုင်ရာ ဖြစ်ရပ်များတွင် မူလတန်း ဦးစီးအဖွဲ့မှ အကျိုးဆက်အလိုက် သင့်လျော်သည့် အဆင့် မှ စတင်အရေးယူ ဆောင်ရွက်မည်။**

**အဆင့် ၁**

1. (non-verbal) နှုတ်ဖြင့်မဟုတ်သော သတိပေးခြင်း။
2. လိုက်နာရမည့် အပြုအမူကောင်းများနှင့် သဘောတူညီချက်များကို နှုတ်ဖြင့် ရှင်းပြ သတိပေးခြင်း။ (စာသင်ခန်းတွင်း သဘောတူညီချက်များကို ရည်ညွှန်းသည်။)
3. ဖြစ်လာမည့် အကျိုးဆက်များကို ရွေးချယ်စေ၍ နှုတ်ဖြင့်သတိပေးခြင်း။
    - အမူအကျင့်ကောင်းများကို ရွေးချယ်ခြင်းအတွက် အားပေးချီကျူးခြင်း။
    - အပြုသဘောဆောင်သောတိုးတက်မှုများနှင့် အသေးစားစိုးရိမ်ပူပန်မှုများကို အသိပေးရန် မိဘများအား Class Dojo မှ ဆက်သွယ်ပြောကြားခြင်း။

**အဆင့် ၂**

သီးခြား ထားရှိခြင်း။ (မတူညီသော အတန်းများတွင် အချိန်ကာလ တစ်ခု အထိ တက်ရောက်စေခြင်း။ အတန်းပိုင် ဆရာ/ဆရာမ မှ သင်ခန်းစာများ ပံ့ပိုးပေးရမည်။)

- ဖြစ်ရပ်မှတ်တမ်းစာတမ်းများ ကို ရေးသား ပြုစုထားပြီး မူလတန်းကျောင်းအုပ် ထံသို့ အကြောင်းကြားခြင်း။
- ပြန်လည်သုံးသပ်ခြင်းစာတမ်းအား စစ်ဆေးခြင်း။
- Managebac တွင် သီးခြား ထားရှိခြင်း မှတ်တမ်း အားပြုလုပ်ခြင်း။
- မိဘများသို့အကြောင်းကြားခြင်း။
- ကျောင်းသား ကျောင်းသူ ၏ အတန်းချိန် အတွင်း အပြုအမူများကို မှတ်သားထားရန် အပတ်စဉ် အပြုအမူမှတ်တမ်း ထားရှိခြင်း။

**အဆင့် ၃**

ဒုတိယအကြိမ် သီးခြား ထားရှိခြင်း။ (မတူညီသော အတန်းများတွင် အချိန်ကာလ တစ်ခု အထိ တက်ရောက်စေခြင်း။ အတန်းပိုင် ဆရာ/ဆရာမ မှ သင်ခန်းစာများ ပံ့ပိုးပေးရမည်။)

- ဖြစ်ရပ်မှတ်တမ်း စာတမ်းများ ကို ရေးသားထားမည်ဖြစ်ပြီး ယခင် ဖြစ်ရပ်မှတ်တမ်းများကို ပါ မူလတန်းကျောင်းအုပ် မှ သုံးသပ်ခြင်း။

- မူလတန်း ကျောင်းအုပ်မှ မိဘများကို အကြောင်းကြားခြင်း။
- မူလတန်းကျောင်းအုပ် မှ အပြုအမူများကို စောင့်ကြည့်လေ့လာခြင်း။
- အပတ်စဉ် အပြုအမူမှတ်တမ်းများကို ပြုစုခြင်း။ တိုးတက်မှုမရှိပါက အဆင့် ၄ သို့ တက်ခြင်း။

**အဆင့် ၄**

- လိုအပ်ပါက ကျောင်းသား ကျောင်းသူရေးရာ ကြားဝင်ညှိနှိုင်းရေး ကော်မတီ က ဆရာ/ဆရာမများ၊ သင်ကြားရေးလက်ထောက်ဆရာ၊ဆရာမများ၊ မူလတန်းကျောင်းအုပ် နှင့် EAL/SEN ကိုယ်စားလှယ်များအား ခေါ်ယူ ညှိနှိုင်းဆောင်ရွက်ပါမည်။ သက်သေအထောက်အထားနှင့် အချက်အလက်များကို စတင်စုဆောင်း ပြီး အပြုအမူဆိုးများကို ဖြစ်စေသည့် နောက်ခံအကြောင်းတရား လှုံ့ဆော်မှုများကို စုံစမ်းစစ်ဆေးပါမည်။ မိဘများအား ခေါ်ယူ၍ အရေးယူဆောင်ရွက်မည့် အစီအစဉ်အား ဆွေးနွေးပြီး သိရှိလက်ခံ ကြောင်း လက်မှတ်ထိုးစေမည် ဖြစ်ပါသည်။ အရေးယူဆောင်ရွက်မည့် အစီအစဉ် အား ကော်မတီ မှ ကြီးကြပ် သုံးသပ်မည်ဖြစ်ပါသည်။

**အကယ်၍ အမူအကျင့်ဆိုးများ ဆက်ရှိနေပါက**

အကယ်၍ အမူအကျင့်များ တိုးတက်မှု မရှိပါက ကျောင်းအုပ်ကြီး ထံသို့ အကြောင်းကြားပြီး၊ ထိုကျောင်းသား ကျောင်းသူ အတွက် ဤကျောင်းတွင် ဆက်လက်တက်ရောက်ခြင်း သင့်လျော်မှု ရှိ/မရှိ ကို ဆုံးဖြတ်မည်ဖြစ်ပါသည်။

**အလယ်/အထက်တန်းအပိုင်း ရှိ အပြုအမူဆိုင်ရာ အကျိုးဆက်များ**

ကျောင်းသား ကျောင်းသူ များ၏ ကောင်းမွန်သော အမူအကျင့်များကို ထောက်ခံအားပေး၍ ချီးမြှောက်ရန် ဆရာ/ဆရာမ များအားလုံး တွင် ကိုယ်ပိုင် အစီစဉ်များ ရေးစွဲထားရှိပါသည်။ ကျောင်းသား/သူ များသည် သူတို့၏ အပြုအမူများကို ဆုံးဖြတ်ရာတွင် ရွေးချယ်ခွင့်ရှိပါသည်။ ကနဦးတွင် ဆရာ/ဆရာမ များသည် မလိုလားအပ်သော အမူအကျင့်များကို တားဆီးရန် မပြင်းထန်သော တုံ့ပြန်မှုနည်းစနစ် လုပ်ထုံးလုပ်နည်းများကို အသုံးပြုမည်ဖြစ်ပါသည်။
ပို၍ပြင်းထန်သော အပြုအမူဆိုင်ရာ ဖြစ်ရပ်များတွင် အလယ်တန်း/အထက်တန်းဦးစီးအဖွဲ့မှ အကျိုးဆက်အလိုက် သင့်လျော်သည့် အဆင့် မှ စတင်အရေးယူ ဆောင်ရွက်မည်။

**အဆင့်၁ – အတန်းပိုင်းဆရာ/ဆရာမ များမှ ထိန်းသိမ်းခြင်း**

1. (Non-verbal) နှုတ်ဖြင့်မဟုတ်သော သတိပေးခြင်း။
2. လိုက်နာရမည့် အပြုအမူကောင်းများနှင့် သဘောတူညီချက်များကို နှုတ်ဖြင့် ရှင်းပြ သတိပေးခြင်း (စာသင်ခန်းတွင်း သဘောတူညီချက်များကို ရည်ညွှန်းသည်။)
3. ဖြစ်လာမည့် အကျိုးဆက်များကို ရွေးချယ်စေ၍ နှုတ်ဖြင့်သတိပေးခြင်း။
    - အမူအကျင့်ကောင်းများကို ရွေးချယ်ခြင်းအတွက် အားပေးချီကျူးခြင်း။
    - Lunch time ကို ၅မိနစ်/၁၀မိနစ် လျော့၍ လွှတ်ပေးခြင်း။ ဆရာ/ဆရာမများသည် သင့်လျော်သော ပြစ်ဒဏ်ကို သတ်မှတ်မည်ဖြစ်သည်။

## **အဆင့် ၂ - အထက်/အလယ်တန်းကျောင်းအုပ် မှ ထိန်းသိမ်းခြင်း**

၁။ အပြုအမူဆိုးများ ဆက်လက်ရှိနေပါက ကျောင်းသား/သူများအား detention ကို ခံယူရန် အထက်/အလယ်တန်းကျောင်းအုပ်မှ ပြောကြားမည်ဖြစ်ပါသည်။ အထက်/အလယ်တန်းကျောင်းအုပ်မှ အကျင့်စာရိတ္တနှင့်ပတ်သက်သော လုပ်ဆောင်မှုတစ်ခု အား တာဝန်ပေးမည် ဖြစ်ပါသည်။

**အဆင့်၃ - ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း workshop**

အကယ်၍ အမူအကျင့်ဆိုးများ ဆက်လက်ရှိနေပါက ကျောင်းသား/သူ သည် အထက်/အလယ်တန်း ကျောင်းအုပ်နှင့် အတူ ပြန်လည်တွေးခေါ်သုံးသပ်ခြင်း workshop ကို တက်ရောက်ရမည် ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူ ၏ ဆရာ၊ဆရာမ မှ စိုးပူပန်ရသော အရေးကိစ္စများကို တင်ပြသော ဆရာ/ဆရာမ နှင့်တိုင်ပင် ပြီးနောက် ရည်မှန်းချက်အချို့ကို သတ်မှတ်ပေးပြီး သင်ခန်းစာတိုင်း မှာ လက်မှတ်ထိုး နိုင်ရန် အစီရင်ခံစာကတ်ပြားများကို ကျောင်းသား ကျောင်းသူအား ထုတ်ပေးမည်ဖြစ်ပါသည်။ သို့မှသာ ကျောင်းသား/သူများ၏ အမူအကျင့်များကို ကာလကြာရှည်စွာ လေ့လာစောင့်ကြည့်နိုင်မည်ဖြစ်ပါသည်။

မိဘများ/အုပ်ထိန်းသူများ သည် အစီရင်ခံစာကတ်ပြားကို လက်မှတ်ထိုးရမည်ဖြစ်ပါသည်။ ပေါ်ပေါက်လာသော ပြဿနာများ နှင့် ကျောင်းသား ကျောင်းသူများ၏ တိုးတက်မှု အခြေအနေများကို လည်း မိဘများ/အုပ်ထိန်းသူများ ထံ စဉ်ဆက်မပြတ် အကြောင်းကြားမည်ဖြစ်ပါသည်။

**အဆင့်၄ - သီးခြား ထားရှိခြင်း (Internal)**

အကယ်၍ အမူအကျင့်ဆိုးများ ဆက်လက်တည်ရှိနေမည် ဆိုပါက ကျောင်းသား ကျောင်းသူ သည် သီးခြားခွဲထားရှိခြင်း ကို ခံယူရမည် ဖြစ်ပါသည်။ (အလယ်/အထက်တန်းကျောင်းအုပ် နှင့်အတူ ၁ရက်မှ ၃ ရက်ကာလ အတွင်း ကျောင်စားများကိုသင်ယူရမည်ဖြစ်သည်။) အတန်းပိုင်ဆရာ၊ဆရာမများသည် **သီးခြား ထားရှိခြင်း (Internal)** အတွက် သင့်လျော်သောအလုပ်များ ပံ့ပိုးပေးရမည်။

၁။ ပြန်လည်တွေးခေါ်ဆင်ခြင်သုံးသပ်ခြင်း စာတမ်း နှင့် report card ကို သုံးသပ်ခြင်း။

၂။ သီးခြားထားရှိခြင်း မှတ်တမ်းကို ပြုစုခြင်း။

၃။ မိဘ/အုပ်ထိန်းသူများထံ အကြောင်းကြားခြင်း။

၄။ လုပ်ငန်းစဉ် ပန်းတိုင်များ ချမှတ်ပြီးပါက မိဘနှင့်အုပ်ထိန်းသူများသည် အစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းစဉ်ပန်းတိုင်များ၏ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။

**အဆင့် ၅ - သီးခြား ထားရှိခြင်း (External)**

အကယ်၍ အမူအကျင့်ဆိုးများ ဆက်လက်တည်ရှိပါက external exclusion ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ အတန်းပိုင်ဆရာ၊ဆရာမများသည် သင့်လျော်သောအလုပ်များ ပံ့ပိုးပေးရမည်။

- ကျောင်းသား/သူများ သည် အထက်/အလယ်တန်းကျောင်းအုပ်မှ သတ်မှတ်ထားသည့် အချိန်အတွင်း assignment များ၊ကို ပြန်လည် တင်ပြရန် နှင့် သင်ခန်းစာသစ် များကို ရယူရန် ကျောင်းသို့ နေ့စဉ် သတင်းပို့ရမည်ဖြစ်ပါသည်။
- "ကျောင်းသား/သူရေးရာ ကြားဝင်ညှိနှိုင်းရေး ကော်မတီ" က အထက်/အလယ်တန်းကျောင်းအုပ် အပါအဝင် ကျောင်းသား/သူ ၏ ဆရာ/ဆရာမ၊ ဆရာ၊ဆရာမများ နှင့် EAL/SEN ကိုယ်စားလှယ်များအား ခေါ်ယူ ညှိနှိုင်းဆောင်ရွက်ပါမည်။ သက်သေအထောက်အထားနှင့် အချက်အလက်များကို စတင်စုဆောင်း ပြီး အပြုအမူဆိုးများကို ဖြစ်စေသည့် နောက်ခံအကြောင်းတရား လှုံ့ဆော်မှုများကို စုံးစမ်းစစ်ဆေးပါမည်။ ထို့နောက် ရေးယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ် ကို ဆောင်ရွက်ပါမည်။ မိဘများအား ခေါ်ယူ၍ အရေးယူဆောင်ရွက်မည့် အစီအစဉ်အား ဆွေးနွေး ပြီး သိရှိလက်ခံကြောင်း လက်မှတ်ထိုးစေမည်ဖြစ်ပါသည်။ အရေးယူဆောင်ရွက်မည့် အစီအစဉ် အား ကော်မတီ မှ ကြီးကြပ် သုံးသပ်မည်ဖြစ်ပါသည်။

**အကယ်၍ အမူအကျင့်ဆိုးများ ဆက်ရှိနေပါက**

အမူအကျင့်များတိုးတက်မှုမရှိပါက ကျောင်းအုပ်ကြီး ထံသို့ အကြောင်းကြားမည်ဖြစ်ပြီး ထိုကျောင်းသား ကျောင်းသူ အတွက် ဤကျောင်းတွင် ဆက်လက်တက်ရောက်ခြင်း သင့်လျော်မှု ရှိ/မရှိ ကို ဒါရိုက်တာ ဘုတ်အဖွဲ့ သို့ တင်ပြမည်ဖြစ်ပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့သည် ကျောင်းသား ကျောင်းသူ ၏ ကျောင်းအပ်ခွင့် နှင့် ပတ်သတ်၍ နောက်ဆုံး ဆုံဖြတ်ချက် ချမှတ်မည်ဖြစ်ပါသည်။

**ဆိုးရွားသော အပြုအမူဆိုင်ရာ ဖြစ်ရပ်များ**

အောက်ဖော်ပြပါ ဖြစ်ရပ်များသည် ကျောင်းမှ တိုက်ရိုက် ကျောင်းထုတ်ပယ်သည်အထိ အရေးယူခံရနိုင်သော အမူအကျင့်ဖြစ်ရပ်တချို့ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဖြစ်ရပ်များအပြင် အခြားသော ဆိုးရွားသော အမူအကျင့်ဆိုင်ရာ ဖြစ်ရပ်များသည်လည်း ကျောင်းမှ ထုတ်ပယ်သည်အထိ အရေးယူခံရနိုင်ကြောင်း သတိချပ်ရမည်ဖြစ်ပါသည်။

- အခြားသူများအား ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာနာကျင်စေခြင်း။
- ပစ္စည်းဥစ္စာများကို ရည်ရွယ်ချက်ရှိရှိ ဖျက်စီးခြင်း။
- ခိုးယူခြင်း။
- ကျောင်းဝန်းအတွင်းမှ ခွင့်ပြုချက်မရှိဘဲ ထွက်ခွာခြင်း။
- ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့် ဆိုက်ဘာ အနိုင်ကျင့်မှုများ ကျူးလွန်ခြင်း။
- လူမျိုးရေး၊ဘာသာရေး၊ လိင်တိမ်းညွတ်မှုဆိုင်ရာ မုန်းတီးခွဲခြားခြင်း။
- ဆေးရွက်ကြီး၊ ဆေးလိပ်/e-cigarette များသောက်သုံးခြင်း။
- အရက် သို့မဟုတ် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိခြင်း သို့မဟုတ် သုံးစွဲခြင်း။
- လက်နက်ခဲယမ်းများ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း။

**ဆက်စပ် စာရွက်စာတမ်းများ -**

ဝန်ထမ်းလက်စွဲစာအုပ်